**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၉၆ / ၂၀၁၅**
**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်**
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုခြင်း

၁။ ယခင်က နိုင်ငံခြားသားကုမ္ပဏီများအား ကုန်သွယ်ခွင့်မပြုဘဲ ဝန်ဆောင်မှုလုပ်ငန်းကိုသာ ခွင့်ပြုခဲ့ရာမှ ယခုအခါတွင် ကုန်သွယ်မှုနှင့်ပတ်သက်သည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများအရ လည်းကောင်း၊ လက်ရှိပြောင်းလဲလာသော စီးပွားရေးအခြေအနေများအရ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ၊ စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်လိုသူများ များပြားလာမှုအရလည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်ကို အခြေခံ၍ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ နိုင်ငံ၏စိုက်ပျိုးရေးနှင့် ပြည်သူများ၏ကျန်းမာရေးကဏ္ဍအတွက်အဓိကအရေးကြီးပြီးဈေးကွက်လိုအပ်ချက်ရှိသည့်အောက်ပါကုန်ပစ္စည်းများကို နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုလိုက်သည် -

(က) ဓာတ်မြေသြဇာ
( ခ ) မျိုးစေ့
( ဂ ) ပိုးသတ်ဆေး
(ဃ) ဆေးရုံသုံး ကိရိယာများ

၂။ အဆိုပါ ကုန်ပစ္စည်းများကို မြန်မာကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီများသာ တင်သွင်းခွင့်ရှိမည်ဖြစ်ပြီး၊ ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ၎င်းတို့ တရားဝင် ယူဆောင်လာသော နိုင်ငံခြားငွေပမာဏ အတိုင်းသာ ကုန်သွယ်မှု ပြုလုပ်ရမည် ဖြစ်ပါသည်။

၃။ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ယခုခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လက်ရှိပြည်တွင်းကုမ္ပဏီများကို သတ်မှတ်ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ခွင့်ပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ကုန်ပစ္စည်းများ စာရင်းကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၏ အခြေအနေ အစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည် ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊ စက - ၁၁ / ၂ - ၂၀ / ၂၀၁၅ ( ၇ )
ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

ရန်နိုင်ထွန်း
ခေတ္တအမြဲတမ်းအတွင်းဝန်